

ချစ်သူစိတ်ဝမ်း
ငြိမ်းချမ်းပါစေ
ဒုတိယအကြိမ်

အပျော်ရွှင်ဆုံး

အပြုံးလှလှ မြင်ပါရစေ ...။

ဘဝများ စွာ

သံသရာမှာ

မခွာမခွဲမြဲပါရစေ ...။

အပျော်တေးများ သူ့ထံကြားစေ

အပျော်ငှက်များ သူ့ထံနားစေ

ကြင်သူ့နှလုံး ရွှင်ပြုံးပါစေ

ချစ်သူ့စိတ်ဝမ်း ငြိမ်းချမ်းပါစေ ...။

" မဟုတ်ဘူး စောနိုင်၊ မင်းသိပ်အစွဲအလမ်းကြီးလွန်းနေပြီ၊ အားလုံးကပြီးခဲ့ပြီပဲကွာ၊ဘာဖြစ်လို့ အဟောင်းတွေကို အသစ်ပြန်လုပ်ချင်နေရတာလဲ သူငယ်ချင်း၊ လူဆိုတာ မေ့သင့်ပြီဆိုတဲ့ ကိစ္စတစ်ကို မေ့ရမယ့်အချိန်မှာ မေ့ကိုမေ့ပစ်မှ ဖြစ်မှာ ပေါ့၊ မေ့ရမယ်မှန်းသိလျက်နဲ့ မေ့သင့်တဲ့အချိန်မှာ မေ့မပစ်ရင်သူ့အတွက်လည်း မကောင်းဘူး၊ သူ့ပတ်ဝန်းကျင်လောကအတွက်လည်း မကောင်းဘူး၊ အားလုံးအတွက်အန္တရာယ် ဖြစ်လာနိုင်တယ်"

ချစ်ဆွေက ကိုယ့်ကို ဒီလိုပဲ ပြောတယ် နှောင်းရယ်။

နှောင်းနဲ့ ပတ်သက်တဲ့ အတိတ်ဆိုတာတွေက ပြီးခဲ့ပြီတဲ့ ။ အဟောင်းတွေ ဖြစ်သွားပြီတဲ့ ။ ကိုယ်က အဲဒါတွေကို မေ့ပစ်ရမယ်တဲ့ ။

မေ့ဖို့ လိုအပ်တဲ့ ကိစ္စတစ်ခုကို မေ့ဖို့ လိုအပ်တဲ့ အချိန်ရောက်တဲ့ အထိ မေ့မပစ်နိုင်ရင် မကောင်းဘူးတဲ့ ။

သူ့ အဖို့ တော့ လွယ်လိုက်တာ။ ပြောတဲ့ စကားတိုင်းမှာ အမှား တစ်ခုမှ မပါသလိုပဲ။ တရားသဘောလေးနဲ့ တောင် သူကဆုံးမသေးတယ်။

အရာအားလုံးမှာ သူ့သဘာဝနဲ့ သူ ရှိရမယ်တဲ့ ။ ဥပါဒ်၊ ဌီဘင်ဆိုတဲ့ ဖြစ်တယ်၊ တည်တယ်၊ ပျက်တယ်ဆိုတဲ့ သဘောလေးတွေ နှလုံးသွင်းထားရမယ်တဲ့ ။ အဖြစ်အပျက်ပဲဖြစ်ဖြစ်၊ အချစ်အတွက်ပဲဖြစ်ဖြစ်၊ ဖြစ်ချိန်တန် ဖြစ်ခဲ့လို့ ၊ တည်ချိန်တန် တည်ခဲ့ပြီးရင်၊ ပျက်ချိန်တန်လို့ ပျက်သွားတဲ့ ကိစ္စကိုလည်း လက်ခံနိုင်စွမ်း ရှိရမယ်တဲ့ ။

သိပ်ကောင်းတဲ့ စကားပေါ့ နှောင်း။

ဖြစ်နိုင်ရင် ကိုယ်လည်း နှောင်းကို မေ့ပစ်ချင်ပါတယ်။

မဖြစ်နိုင်တော့ဘူးဆိုတာလည်း ကိုယ်သိနေရပြီ။ ဒီအသက်၊ ဒီခန္ဓာ၊ ဒီဘဝမှာ ပြန်လည်ဆုံစည်းနိုင်စရာအခွင့် ဘယ်လိုမှ မရှိတော့ဘူးဆိုတာလည်း ကိုယ် နားလည်နေရပြီ။

ကြွေပြီးတဲ့ သစ်ရွက်ဆိုတာ သူ့ပင်စည်၊ အကိုင်းအခက်၊ ရိုးတံနဲ့ ဘယ်လိုမှ ပြန်ဆက်လို့ မရတော့ဘူးဆိုတာ ကိုယ် သိပ်သဘောပေါက်တာပေါ့။ နွမ်းပြီးသား ပန်းပွင့်လေးတွေ ပြန်လန်းတဲ့ အဖြစ်မျိုးလောကမှာ မှ မရှိတတ်ဘဲ။

သူတို့ ထင်သလို ကိုယ်သက်သက်မဲ့ ရူးပြနေတာမျိုး မဟုတ်ပါဘူး နှောင်းရယ်။

ဖြစ်နိုင်ရင် ကိုယ် တကယ် နှောင်းကို မေ့ပစ်ပါတယ်။

ခက်တာက ကိုယ်ပြောတဲ့ စကားကို သူတို့ က ဘယ်လိုမှ မယုံဘူးဖြစ်နေတယ် နှောင်း။

နှောင်း ကိုယ့်ဆီကို လာနေတယ်လို့ ပြောတာကို သူတို့ ကလက်မခံတာ။

"နှောင်း . . . မောင့်ကို အပြီးအပိုင် ခွဲခဲ့တာ မဟုတ်ပါဘူး၊ ဘယ်သူတွေက ဘာပဲပြောပြော နှောင်းမောင့်ဆီကို ဖြစ်တဲ့ နည်းနဲ့ ပြန်လာခဲ့မှာပါ၊ နှောင်းကို ခဏလေး သည်းခံပြီး စောင့်ပါ မောင်ရယ်၊ မောင့်ဆီကို နှောင်းပြန်လာတဲ့ အချိန်မှာ နှောင်း ရင်ကွဲစရာအဖြစ်မျိုးရောက်အောင် မောင်ဘာမှ ခြေလွန်လက်လွန် မလုပ်လိုက်ပါနဲ့ ၊ နှောင်း တောင်းပန်တယ် မောင်ရယ်၊ ဇင်သီ့ကို မောင် လုံးဝ လက်မထပ်ပါနဲ့ " ဆိုတဲ့ စကားတွေ နှောင်းပြောသွားတယ်လို့ ပြောပြသမျှလည်း သူတို့ က ကိုယ်ညာတယ်လို့ ထင်နေကြတယ်။

ခက်လိုက်တာ နှောင်းရယ်။

ကိုယ် ဘာလုပ်ရမလဲ။

သူများ တွေ မယုံပေမဲ့ နှောင်းကို ကိုယ်ယုံပါတယ်၊ ဘယ်တုံးကမှ မောင့်ကို မညာခဲ့ဖူးတဲ့ နှောင်းဟာ ခုလည်း နှောင်း တကယ်ပြောနေတာပဲလို့ ကိုယ် အပြည့်အဝ ယုံတယ်။

ဖြစ်နိုင်ရင် ကိုယ့်ဆီကို မြန်မြန်ပြန်လာခဲ့ပါတော့ နှောင်းရယ်။

အဲဒီတော့မှ "မြင်ပြီမဟုတ်လား သူငယ်ချင်းတို့ ၊ ဟောဒီမှာ နှောင်း၊ ငါပြောတုန်းက မင်းတို့ မယုံခဲ့တဲ့ နှောင်း၊ အခုငါ့ဆီပြန်ရောက်နေပြီ၊ ငါ့နှောင်းဟာ . . ငါ့အချစ်ဆုံး နှောင်းဟာ ငါ့ကိုဘယ်တုံးမှ မညာခဲ့ဖူးဘူးကွ

" လို့ ဟန်ပါပါပြောရင်း နှောင်းနဲ့ လက်ချင်းခိုင်ခိုင်တွဲပြချင်လှပြီ။

လာမယ်ဆိုရင်လည်း လာခဲ့ပါတော့ နှောင်းရယ် . . .။

တွေ့ရမယ်ဆိုရင်လည်း တွေ့ပါရစေတော့ နော် . . .။

# အပိုင်းတစ်

## (၁)

"ဒီအကြောင်းတွေ မင်း ငါတို့ ကို နောက်ထပ် မပြောရင် ကောင်းမယ် ထင်တယ်စောနိုင်၊ နှောင်းနဲ့ မင်း တစ်ယောက်ကို တစ်ယောက် ဘယ်လောက်ချစ်ခဲ့တယ်ဆိုတာ ဒီလောကမှာ ငါ့လောက် သိတဲ့ လူမရှိဘူး၊ ဒါပေမဲ့ ငါ့ကို အဓိပ္ပာယ်မရှိတဲ့ စကားတွေတော့ လာမပြောနဲ့ ၊ ငါက လေး မဟုတ်ဘူး ၊ အရူး မဟုတ်ဘူး ၊ ပြီးတော့ မင်းကိုလည်း ငါ ရူးနေပြီလို့ မသတ်မှတ်ချင်ဘူး၊ နားလည်လား"

ဒုတိယကြိမ်မြောက် ချစ်ဆွေနှင့် ဒီကိစ္စဆွေးနွေးအပြီးတွင် ချစ်ဆွေပြောသည့် စကားကြောင့် စောနိုင် စိတ်ဓာတ်ကျသွားသည် ။

ဒီအတိုင်းဆို ဒီကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးရမည့် လူ မကျန်တော့ဟု သဘောပေါက်လိုက်သည် ။

ပထမအကြိမ်တုန်းကတော့ တစ်ယောက်မဟုတ် တစ်ယောက်တော့ သဘောပေါက်နိုင်သေးရဲ့ ဟု တွေး၍ ချစ်ဆွေနှင့် အတူအခြားသူငယ်ချင်းလေးငါးယောက်ကိုလည်း ခေါ်ပြီးပြောမိသည် ။ ထိုစဉ်ကလည်း သူ့ကို သဘောပေါက်နားလည်လက်ခံသူတစ်ယောက်မှ မရှိခဲ့။

သို့အတွက် အရင်းနှီးဆုံး သူငယ်ချင်းကို တစ်ယောက်တည်းသီးသန့်

တွေ့၍ လေးလေးနက်နက် ပြောပြလျှင် နားလည်ကောင်းနားလည်နိုင်သည် ဟု တွက်ကာ ချစ်ဆွေနှင့် ထပ်ဆုံပြီး ပြောသည်။

ခုခါမှ ချစ်ဆွေက ပထမအကြိမ်တုန်းကလို ဖျောင်းဖျောင်းဖျဖျ ချိုချိုသာသာ ပြောမနေတော့ဘဲ ဇွတ်ကြီး အပြစ်တင်စကားဆိုတော့သည်။

စောနိုင် သက်ပြင်းချ၍ ခေါင်းခါလိုက်ပြီး . . .

"ငါ မင်းကို မဟုတ်တဲ့ စကားတွေ ဘာအတွက် ညာပြီး ပြောမှာ လဲ ချစ်ဆွေ၊ မင်း ယုံတာမယုံတာ ငါ ဘာမှ မပြောချင်ဘူး၊ ဒါပေမဲ့ ဒီစကားကို ဘာဖြစ်လို့ အထပ်ထပ်ပြောနေတာလဲဆိုတာတော့မင်း သေချာစဉ်းစားသင့်တယ်၊ ငါနောက်နေတာ မဟုတ်ဘူး ချစ်ဆွေ၊ မဟုတ်ကဟုတ်ကတွေ လုပ်ကြံပြောနေတာလည်း မဟုတ်ဘူး ၊ ပြီးတော့ မင်းပြောသလိုပဲပြောရရင် ငါလည်း ရူးနေတဲ့ ကောင် မဟုတ်ဘူး၊ အဲဒါ ဘာဖြစ်တာလဲဆိုတာသိချင်လွန်းလို့ မင်းကို ယုံယုံကြည်ကြည်ဖွင့်ပြောပြီး တိုင်ပင်နေတာ"

ချစ်ဆွေက ရှုံ့မဲ့မြဲရှုံ့မဲ့သည်။ ခေါင်းခါမြဲ ခါသည်။

"ငါ ပြောပြီးပါပကော စောနိုင်၊ မင်း သိပ်စွဲလမ်းလွန်းအားကြီးနေလို့ပါလို့၊ လူဆိုတာ ဘယ်သူမဆို စွဲလမ်းလွန်းအားကြီးရင် မသိစိတ်က ဖြစ်နေတဲ့ ခံစားမှုနဲ့ အိပ်မက်တွေ ဘာတွေကယောင်ချောက်ချားမက်တာပဲ၊ ဒါကို တကယ့်အပြင်လောကထဲ ယူ လာပြီး ဘာမှ ပြဿနာရှာနေစရာ မလိုဘူး၊ အိပ်မက်က အိပ်မက်ပဲ၊ လက်တွေ့က လက်တွေ့၊ တစ်ခုနဲ့ တစ်ခု ဘာမှ မဆက်စပ်ဘူး၊ အားလုံး တခြားစီပဲ"

"ငါ့ကိစ္စက အိပ်မက် မဟုတ်ဘူး ချစ်ဆွေ"

"အိပ်မက် မဟုတ်ရင် ဘာလဲ"

"အဲဒါတော့ ငါလည်း မသိဘူး ချစ်ဆွေ၊ ဒါပေမဲ့ နှောင်းကိုငါ တကယ်မြင်ရပြီး နှောင်းအသံကို ငါ နားနဲ့ ဆတ်ဆတ်ကြားရတာတော့ အမှန်ပဲ"

"အဲဒါကြောင့် မင်းကို ခက်တယ်လို့ ငါပြောတာပေါ့ စောနိုင်၊ အဲဒီစကားတွေကို ငါကလွဲလို့ မင်း ဘယ်သူ့မှ သွားမပြောနဲ့ ၊ ပြောရင် စိတ်ရောဂါအထူးကုဆေးရုံ ပို့မှာ သေချာတယ်၊ ငါတောင် မင်းကိုအခု အတော်သံသယ ဖြစ်နေပြီ၊ မင်းခေါင်းက ဒဏ်ရာနဲ့ ပတ်သက်လို့ ဆရာဝန်တွေ ဘာပြောခဲ့ဖူးသေးလဲ"

စောနိုင်မျက်နှာ တင်းခနဲ ဖြစ်သည် ။

"ဟော့ကောင် ချစ်ဆွေ၊ မင်း ငါ့ကို အဲလိုတော့ မစော်ကားနဲ့ ၊ ဒီကိစ္စပြီးမှ အက်ဖ်ဝမ်း၊ အက်ဖ်တူး နှစ်နှစ်စလုံး လွတ်လွတ်ကျွတ်ကျွတ်အောင်လာခဲ့တာကွ၊ အမ်အက်စ်စီမှာ နှစ်နှစ်အောင်ပြီး သီးဆစ်ရေးနေတဲ့ ခေါင်းကွ၊ ဒီဦးနှောက်က ရူးနေတဲ့ ဦးနှောက် မဟုတ်ဘူး "

"အေး . . . အဲဒါ ဆိုအဲဒီ ကိစ္စ မေ့ပစ်လိုက်တော့ စောနိုင်၊ မင်းကြုံခဲ့ရတဲ့ အဖြစ်အပျက်တွေကို မင်း အမှတ်ရနေသေးတာပဲ၊ ပြီးခဲ့တဲ့ ကိစ္စကို ပြီးခဲ့သလို သဘောထားလိုက်၊ လောလောဆယ် ဇင်သီနဲ့ လက်ထပ်စရာရှိတာကို လက်ထပ်လိုက်၊ ပြီးပြီ၊ ဘာမှ ယုတ္တိမရှိတဲ့ စကားတွေ ထပ်မပြောနဲ့ တော့"

ချစ်ဆွေက ပြောရင်းနှင့် ထရပ်သည် ။

နှစ်ယောက်သား အေးအေးချမ်းချမ်း ပြောရအောင်ဟု စောနိုင်၏ ကားကလေးနှင့် ထွက်လာခဲ့ သော အင်းလျားရေစပ် အကြော်ဆိုင်လေးသည် အုံ့တက်လာသော မိုးသားများကြောင့် မှုန်မှိုင်းမှိုင်းလေး ဖြစ်လာသည် ။

***

အိပ်မက်မဟုတ်ပါဟု ချစ်ဆွေကို ဇွတ်အတင်းငြင်းခဲ့သော်လည်း စင်စစ် နှောင်းနှင့် ပြန်လည်ဆုံစည်းရခြင်းသည် အိပ်မက်ဟု သာ ပြောနိုင်သည့် အနေအထားမှာ ပင် ရှိသေးသည် ။

မနေ့ညနေက အတော်လေး ရေပါအောင်ရွာချလိုက်သောမိုးကြောင့် ပိတောက်ကိုသတိရသည် ။

ညက နှောင်းနှင့် တွေ့သောအခါ စောနိုင်၏ အိပ်မက်များ ဒီပိတောက်တို့ ဖြင့် လှိုင်လှိုင်ဝေနေသည် ။

အိမ်ရှေ့က ပိတောက်ပင်ကြီးအောက်မှာ လည်း ဖြစ်ကောင်းဖြစ်မည် ။ သို့တည်း မဟုတ်အခြားတစ်နေရာလည်း ဖြစ်နိုင်၏။ သို့သော် ထိုနေရာမှ ပိတောက်ရနံ့တို့ တအားသင်းပျံ့သည် ။

မြင်ကွင်းကလည်း လွမ်းမောဆွတ်ပျံ့ဖွယ် ကောင်းသည် ။ အဝေးမှ နောက်ခံကောင်းကင်သည် ခဲသားရောင် မှိုင်းညို့နေသည် ။ ကျောဘက်မှ ကျလာသောနေရောင်ခြည်ကြောင့် သူ့မျက်နှာချင်းဆိုင်မြင်ကွင်းမှ သစ်ပင်စိမ်းစိမ်းများအားလုံး ရုပ်လုံးကြွပီသနေသည် ။ မိုးရွာပြီးစ စိန်ပန်းပွင့်များကလည်း ရဲရဲနီနေသည် ။ တစ်ပင်လုံး ဖုံးလုနီးပါးပွင့်နေသောပန်းများကလည်း အရွက်စိမ်းစိမ်း နောက်ခံပန်းချီကားမှာ အဝါရောင်ဆေးစက်များ အခဲလိုက် ပက်ထားသလို ဝင်းဝင်းပပ လှပနေသည် ။

နှောင်း၏ အင်္ကျီလုံချည်မှာ လည်း အဝါရောင် အထက်အောက် ဆင်တူ ဖြစ်သည် ဟု စောနိုင် သတိထားမိ၏။

ဆံပင်များ ဖြန့်ချလျက် လေထဲ လွင့်ဝဲနေသည် ထင်ရသော နှောင်း

၏ ပုံရိပ်ကလည်း ပိတောက်တစ်ခက် ပန်ထားလျက်။ တညင်းညင်း တိုက်ခတ်သော လေပြည်ထဲမှာ လည်း ပိတောက်ပွင့်လေးများ လွင့်၍ လွင့်၍ ကျနေသည် ။ အပင်ရင်းမြေပြင်ကိုလည်း ပိတောက်ပွင့်တို့ ဖြင့်ပင် ခင်းထားသည် ။

ပိတောက်အခင်းကို ချနင်းလာသော နှောင်း၏ ခြေအစုံသည် ဆင်စွယ်သားလေးလိုဖြူဖြူနှစ်နှစ်ကလေးနှင့် ဖွဖွလေးလှသည် ။

ပိတောက်နံ့သင်းသော လေပြည်ကို ခိုစီးလိုက်ပါလာသည့် နှောင်း၏ အသံလေးသည် ဆည်းလည်း သံလေးလို လွင်လွင်လဲ့လဲ့လေးဖြစ်နေသည် ။

"နှောင်းကို ယုံပါမောင်၊ မောင့်ကို နှောင်း သက်သက်မဲ့လှည့်စားနေတာ မဟုတ်ပါဘူး၊ နှောင်း မောင့်ဆီကို ဖြစ်တဲ့ နည်းနဲ့ ပြန်လာခဲ့မှာ ပါ။ သူများ တွေ နားမလည်ဘဲ ပြောတဲ့ စကားကို မောင်နားမယောင်ပါနဲ့ ၊ သူတို့ က ဘဝဆိုတာ ဘာမှန်းသိကြတဲ့ လူတွေမဟုတ်ပါဘူး၊ အချစ်ဆိုတာကိုသိဖို့ တော့ ဝေးပြီပေ့ါ၊ နှောင်း မောင့်ကိုဘယ်လောက်ချစ်တယ် ဆိုတာ မောင်သိတယ် မဟုတ်လား၊နှောင်းလေ . . . နှောင်း မောင့်ကို အကြာကြီး ခွဲမနေနိုင်ပါဘူး မောင်ရယ်၊ မောင့်ဆီကို အမြန်ဆုံး ပြန်ခဲ့မှာ ပါ"

နှောင်းနှင့် အနီးဆုံးဖြစ်ရန် တိုးကပ်ဖို့ သူ ကြိုးစားသည် ။ မရ။ သူ့ ရှေ့ကို တိုးသလောက်ပင် နှောင်းလည်း နောက်သို့ အလိုလိုရွှေ့နေသည် ။ နှောင်း မျက်လုံးအိမ် နှုတ်ခမ်းစပ်မှ တွဲခိုနေသော မျက်ရည်စများကို လှမ်းမြင်ရသည် အထိသာ တိုးကပ်နိုင်သည် ။

"မောင့်နားကို လာခဲ့ပါဦး နှောင်းရယ်၊ မောင့်ရင်ခွင်ထဲကိုဝင်ခဲ့ပါဦး"

နှုတ်မှ ပြောခြင်း မဟုတ်။ စိတ်ထဲကသာ ပြောလိုက်ခြင်းဖြစ်သည် ။

သို့သော် နှောင်းက ပီသစွာ ကြားလိုက်ပုံရ၏။ စောစောကတွဲခိုနေသော မျက်ရည်ဥလေးများ ပါးပြင်ပေါ် လိမ့်ဆင်းကျ လာပြီး . . .

"နှောင်း လာခဲ့ပါ့မယ် မောင်ရယ်၊ မောင့်ရင်ခွင်ထဲမှာ တစ်သက်လုံး နေရအောင် လာခဲ့ပါ့မယ်၊ ခုလောလောဆယ်မှာ ဘယ်လိုမှ မဖြစ်နိုင်သေးလို့ ခဏ ဝေးရတာလေးကို သည်းခံလိုက်ပါဦး၊ အရေးကြီးတာက မောင် ဘယ်သူနဲ့ မှ လက်မထပ်နဲ့ ၊ နှောင်းအပေါ် ထားခဲ့တဲ့ သစ္စာတွေလည်း မပျက်ပါနဲ့ ၊ ရော့ . . မောင် ဒါလေး ယူထားလိုက်၊ နှောင်း ပြန်မလာခင် နှောင်းကိုယ်စား အမှတ်တရပစ္စည်းလေး"

နှောင်းကမ်းပေးသော ပိတောက်ခက်ကလေး သူ့လက်ထဲရောက်လာသည် ။

မိုက်ခနဲ ခံစားလိုက်ရပြီးနောက် မျက်လုံးများ ပြာဝေသွားသည် ။

သတိရ၍ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ သူ့အခန်းထဲသို့မနက်ခင်းနေခြည်များ ဝင်ရောက်လျက်ရှိပြီ။ ထူးခြားသော ဖြစ်ရပ်အဖြစ် သူ့တစ်ခန်းလုံးပိတောက်နံ့များ ဖြင့်ထုံသင်းနေခြင်း ဖြစ်၏။

ပို၍ ထူးခြားခြင်းက သူ့ခေါင်းအုံးဘေးမှာ ပိတောက်လေးတစ်ခက်ရောက်နေခြင်းပင်။

***

"နိုးနေပြီလား ဒီမနက် ပိတောက်တွေ ပွင့်တာနဲ့ သား ကြိုက်မှန်းသိလို့ မေမေ တမင် ပြင်ပေးထားတာ၊ ပိတောက်တွေမြင်တော့ သား ပျော်မ

သွားဘူးလား"

စောနိုင် အိပ်ရာပေါ်မှ လူးလဲထပြီးချိန်မှာ ပင် သူ့မိခင်က အခန်းထဲ ဝင် လာပြီး ပြောသည် ။ ဒီတော့မှ သူ့စာရေးစားပွဲပေါ်မှာ လည်း ပန်းတစ်အိုးပြည့် ပိတောက်ပန်းများ ထိုးထားကြောင်း သတိပြုမိသည် ။

"ပျော်ပါတယ် မေမေ၊ အိပ်ရာအထမှာ ပိတောက်ပန်းရနံ့လေးနဲ့ အရမ်းလန်းသွားတာပဲ၊ အခန်းထဲ ပိတောက်တွေ ရောက်နေလို့ သား အံ့သြနေတာ"

မေမေက ရယ်သည် ။

"ဒီမနက် ပိတောက်တွေ တအားပွင့်တယ် သားရဲ့ ၊ အဲဒါ အိမ်ရှေ့က အပင်ကနေ လှတိုးကို ခူးခိုင်းထားတာ"

စောနိုင်က ပြုံးပြီး ခေါင်းညိတ်သည် ။ အိမ်က ကားဆရာကိုလှတိုး မနက်ခင်းက ခါးတောင်းမြှောင်အောက်ကျိုက်၍ သစ်ပင်ပေါ် တက်နေမည့် မြင်ကွင်းကိုလည်း စိတ်ကူးဖြင့်မြင်ယောင်ကြည့်သည် ။

"ကဲ . . . မျက်နှာသစ်လိုက်တော့ သား၊ အောက်ထပ်မှာ ကော်ဖီ အဆင်သင့်ဖြစ်ပြီ၊ ဒီမနက် ဇင်သီတို့ သားအမိလည်း လာကြဦးမလို့ တဲ့ ၊ စောစောလေးကပဲ ဖုန်းဆက်ကြတယ်"

မေမေက ပြောပြီး လှေကားဘက် ပြန်လျှောက်၍ အောက်ဆင်းသွားသည် ။ ဇင်သီ . . . စောနိုင်ရင်ထဲ ထိတ်ခနဲဖြစ်သွား၏။

သူ့ခေါင်းအုံးဘေးမှ ပိတောက်ခက်လေးကိုလည်း လှမ်းကြည့်လိုက်သည် ။ ဒီပိတောက်ခက်လေးက စားပွဲပေါ်က ပန်းများ နှင့် သိပ်မတူ။ ညက နှောင်းပေးသွားသော အခက်လေးနှင့် ပိုတူသည် ။

စောနိုင် ကောက်ယူလိုက်၏။

နားထဲသို့ ပီသကြည်လင်သော အသံလေးတစ်ခု ဝင်လာသည် ။

"မောင် ဘယ်သူနဲ့ မှ လက်မထပ်နဲ့ ၊ နှောင်းအပေါ် ထားခဲ့တဲ့ သစ္စာတွေလည်း မပျက်ပါနဲ့ "

သူ့တစ်ကိုယ်လုံး ကြက်သီးများ ဖြန်းခနဲ ထသွားသည် ။ ပိတောက်နံ့လေးများ ပိုစူးရှသွားသည် ထင်ပါသည် ။

ခုတင်ခေါင်းရင်း စာရေးစားပွဲပေါ်မှ မှတ်တမ်းစာအုပ်ဆီ အကြည့်ရောက်သွားမိ၏။

***

[၂]

"မောင် . . . နှောင်းကို တကယ်ချစ်ရဲ့ လားဟင်"

"ချစ်တာပေ့ါ နှောင်း၊ ဒီလောကမှာ နှောင်းတစ်ယောက်ကိုပဲ မောင် အချစ်ဆုံးပေ့ါ၊ဘာဖြစ်လို့ လဲ"

"မောင့်ကို မယုံချင်ဘူးကွာ၊ စိတ်လည်း မချချင်ဘူး"

စောနိုင် ရယ်သည် ။

နှောင်း၏ လက်မောင်းတင်းလေးကို ဖိဖိညှစ်၍ ကိုယ်လုံးလေးကို က ပ်ကပ်ဆွဲယူရင်း . . .

"ဘာဆိုင်လို့ လဲ နှောင်းရာ၊ ကိုယ်က နှောင်း မယုံစရာ ဘာတွေလုပ် နေလို့ လဲ၊ နှောင်း စိတ်မချရအောင် နှောင်း စိတ်မချစရာ ကိုယ်ကလုပ် နေလို့ လား"

"အဲလိုတော့ မဟုတ်ဘူး ပေ့ါ၊ ဒါပေမဲ့ ဘာဖြစ်လို့ လဲ မသိဘူး၊ နှောင်းစိတ်ထဲမှာ တစ်ခုခုကို သိပ်စိုးရိမ်နေတယ်၊ မတော်လို့ အကြောင်း တစ်ခုခုနဲ့ များ နှောင်းနဲ့ မောင် ခဏဝေးနေရရင် ခုလိုမှ နှောင်းကို မော င် ချစ်ပါတော့မလား၊ မေ့များ သွားမလား၊ ဒီပြင် တစ်ယောက်ယောက် ကိုများ မောင် ပိုများ ချစ်သွားမလားဆိုတာ အရမ်းစိုးရိမ်တာပဲ"

နှောင်း၏ ကိုယ်လုံးနွေးနွေးလေးကို ရင်ခွင်ထဲဆွဲယူသည် ။

"အခိပ္ပာယ် မရှိတာဘဲ နှောင်းရယ်၊ နှောင်းကို ကိုယ်က ဘာဖြစ်လို့ မေ့သွားရမှာ လဲ၊ မောင့်တစ်သက်မှာ နှောင်းကလွဲလို့ တခြား ဘယ်သူမှာ ချစ်စရာ မရှိတော့ဘူး၊ အဲဒါ မြဲမြဲ မှတ်ထား၊ မောင့်ဘဝအတွက် တစ်သက်လုံး ထာဝရ အချစ်ဆုံးဟာလည်း နှောင်းပဲ၊ ပထမဆုံးနဲ့ နောက်ဆုံးတစ်ယောက်တည်းရှိတဲ့ ချစ်သူဟာလည်း နှောင်းပဲ"

"မောင် သစ္စာပြုရဲလို့ လား"

"အိုး . . . ဘာလို့ မပြုရဲရမှာ လဲ၊ သိပ်ပြုရဲတာပေ့ါ"

"တစ်သက်လုံးအတွက်လေ"

"တစ်သက်လုံး မဟုတ်ဘူး နှောင်း၊ တစ်သံသရာလုံးအတွက်"

နှောင်းက ရယ်သည် ။

"ဒီလောက်တော့ အပြောမကြီးပါနဲ့ မောင်ရယ်၊ သံသရာဆိုတာ အရှည်ကြီးနော်၊ နှောင်းတို့ ဟာ သံသရာက လွတ်ရာလွတ်လမ်းနဲ့ သိပ်အလှမ်းဝေးအားကြီးနေသေးတဲ့ သမုဒယနယ်သားတွေ၊ ချစ်တတ်လေလေ သံသရာ ရှည်လေလေပဲ၊ ဒီလောက်အထိ နှောင်းကို ကတိမပေးချင်သေးရင်နေ၊ ဒီဘဝအတွက် ဆိုရင်တောင် နှောင်း ကျေနပ်တယ်"

"ကတိပေးတယ် နှောင်း၊ ဒီဘဝအတွက်လည်း ကတိပေးတယ်၊ ဘဝအဆက်ဆက် သံသရာအတွက်လည်း ကတိပေးတယ်၊ နှောင်းသာ နောက်ဘဝနောက်ဘဝတွေကျတော့ မောင့်ကို ပစ်မသွားနဲ့ "

"နှောင်းက အခုဘဝတောင် မောင်နဲ့ ဝေးမှာ ကြောက်တဲ့ လူပါမောင်ရယ်၊ နောက်ဘဝတွေမှာ လည်း မောင်က နှောင်းကို မေ့ပြီးတခြား တစ်ယောက်ကို သွားစိတ်ဝင်စားနေရင် မောင့်ပုဆိုးစဆွဲပြီးလိုက်သတိပေးဦးမှာ သိရဲလား"

"အဲဒီအပြောတွေကြောင့် လည်း နှောင်းကို ကိုယ် ပိုချစ်နေရတာလား မသိပါဘူး နှောင်းရယ်၊ မောင် နှောင်းကို အရမ်းချစ်တယ်၊ အဲဒါကော နှောင်း သိရဲ့ လား"

အင်းလျားရေစပ်မှ လှိုင်းပုတ်သံလေးများ နှင့် အတူ ရင်ခုန်သံ တို့ မြန်ရသည် ။

ပါးနုနုဖွေးဖွေးလေးများ ဆီမှ သနပ်ခါးနံ့လေးများ တို့ပျံ့မွှေးသင်းသည် ။

နှုတ်ခမ်းဖွေးဖွေးလေးများ သည် ပျားရည်ခဲလေးများ ပင်။

ထိုစဉ်က သစ္စာစကားများကိုအင်းလျား ကောင်းကောင်း ကြားရပေလိမ့်မည်။

ခိုင်မြဲသော အချစ်။

စောနိုင်က စားပွဲအပေါ်မှ မှတ်တမ်းစာအုပ်လေးကို အသာအယာ ဖွင့်ကြည့်လိုက်၏။

မှတ်တမ်းစာအုပ်က နှစ်အလိုက်၊ နေ့စွဲအလိုက်၊ ရက်ပြည့် ကမ္ပည်းထိုးထားတတ်သောဒိုင်ယာရီစာအုပ် မျိုးမဟုတ်။

ကိုယ်ရေးချင်သည့် နေ့ကျမှ ကိုယ့်ဘာသာ နေ့စွဲတပ်၍ ကိုယ်ရေးချင်သည့် အခါကျမှ ရေးနိုင်သော နေ့စွဲကျော် မှတ်စုစာအုပ်မျိုးပင်။

အစကတည်းက သူ့မှာ ဒီစာအုပ်မျိုး မရှိ။ ဒီလို မှတ်တမ်းမျိုး ရေးလေ့ရေးထလည်း မရှိ။ နိုင်ငံခြားက ပြန်လာသော သူငယ်ချင်းတစ်ယောက် လက်ဆောင်ပေးထားပြီး အသုံးမရှိ၍ ဒီအတိုင်းဖြစ်နေသောစာအုပ်ကို လွန်ခဲ့သော သုံးနှစ်ကျော်ကာလလောက်ကမှ အသုံးပြုခဲ့ခြင်း ဖြစ်သည် ။

စသုံးသည့် နေ့စွဲမှာ မှတ်တမ်း၏ ပထမစာမျက်နှာမှာ တပ်ထားသ ည့် နေ့စွဲပင် ဖြစ်သည် ။

ထိုရက်စွဲအောက်မှ မှတ်တမ်း စာသားကလည်း တိုတိုပဲ ဖြစ်၏။

ဒီနေ့ပိတောက်ပွင့်သည် ။

ဒီနေ့တွေ့ခဲ့သော မိန်းကလေးကို စိတ်ထဲမှာ ဘယ်လိုမြတ်နိုးမှန်း မ သိ။

စတွေ့စဉ်မှာ ပင် ရင်ထဲ လှုပ်ရှားရသလို၊ သူ့လှုပ်ရှားမှုလေးများအား လုံးကိုလည်း ရင်ထဲကစွဲငြိသည် ။ တစ်ခါမျှ မခံစားရဖူးသော ခံစားမှုမျိုးဖြင့် သူ့ကို တွယ်တာ သွားမိသည် ။

အချစ်ဆိုတာ ဒါဟု ဆိုလျှင် သူ့ကို ချစ်သွားမိပြီဟု ပင် ကောက်ချက် ဆွဲရပေမည်။

သူ့နာမည် သင်းသင်းနှောင်း။

နှောင်းက ...နှောင်းက ...ဟု သူ့ကိုယ်သူ ပြောတတ်သည် ။

သူ ရယ်သောအခါ သိပ်လှသည် ။

သူ့အကြည့်တစ်ချက် ရောက်တိုင်း ကိုယ့်ရင်မှာ သိမ့်သိမ့်ခုန်ရသည် ။

စွဲမိပြီ နှောင်း။

အမြဲတမ်း တွေ့နေရအောင် ကိုယ် ဘယ်လို ကြိုးစားရမလဲ။

နှောင်းအနားမှာ ပဲ ကိုယ် အမြဲတမ်း နေချင်သည် ကွယ်။

ရေးလေ့ရေးထမရှိကြောင်း ရေးထားသည့် စာသားများ ၏ သဒ္ဒါစည်းကမ်းပျက်နေမှုက သိသာသည် ။ ဣန္ဒြေရသော ကိုယ်ရေးမှတ် တမ်းအဖြစ်ထက် အချစ်ရူးတစ်ယောက်၏ ခံစားမှုစကားမျိုး ပိုဆန်နေ

သည် ။

အမှန်တော့လည်း ထိုနေ့ကမှ စ၍ စောနိုင်ရူးခဲ့ခြင်း ဖြစ်၏။

ဒါပေမဲ့ အင်မတန်မှ စိတ်ချမ်းသာစရာ ကောင်းတဲ့ ကာလကလေး တွေပါ နှောင်း။

အဲဒီအချိန်တွေတုန်းက သိပ်ပျော်စရာကောင်းတဲ့ ဘဝလေးတွေကို ကိုယ်တို့ ပိုင်ဆိုင်ခဲ့ကြတယ်လေ။

**

"ဟာ . . . ဟော့ကောင်၊ အမလေး . . . မင်း ဘယ်လိုဖြစ်တာလဲ ဖိုးနီ . . ."

မြင်လိုက်ရသော မြင်ကွင်းကြောင့် စောနိုင် အကြီးအကျယ်ထိတ်လန့်သွားသည် ။ ဖိုးနီကတော့ လက်ထဲမှ ဓားကို ဝင့်လိုက်ပြီး. .

"အဲဒါတွေ ငါ့မမေးနဲ့ စောနိုင်၊ ငါ လောလောဆယ် ပသီတို့ အုပ်စုကို တွေ့ချင်တယ်၊ မင်း အဲ

ဒီကောင်တွေကို တွေ့မိလား"

ဝင်းလက်နေသော ဓားမြှောင်ဦးက စောနိုင်မျက်နှာနားမှာ ကပ်ဝဲနေသည် ။ စောနိုင်က ခေါင်းခါရင်း . . .

"မတွေ့ပါဘူးကွာ၊ ငါ အခုပဲ အဆောင်ကို ရောက်လာတာ၊ ပသီကို တွေ့ရင် မင်းက ဘာလုပ်မလို့ လဲ"

"သတ်မလို့ ၊ သတ်တာတောင် ရိုးရိုး မသတ်ဘူး၊ ဒီကောင်တွေ အား

လုံးကို ဟိုဟာဖြတ်သတ်မလို့ "

"ဟာ . . . "

"ဟာမနေနဲ့ ဟော့ကောင်၊ ဒီကောင်တွေ ငါ့ကို ဘာ လုပ်သွားတယ်ဆို တာ မင်း မြင်တယ်မဟုတ်လား၊ ငါ့ကို တားမနေနဲ့ ၊မင်း . . . ဖယ်၊ ဒီ ကောင်တွေကို မတွေ့တွေ့အောင် လိုက်ရှာမယ်"

ဖိုးနီပုံစံက အဟုတ်လုပ်မည့် ပုံ ပေါက်နေသည် ။ နဂိုက မည်းရသ ည့် အသားပေါ်မှာ ဒေါသကြောင့် အပြင် အခြားအကြောင်းများကြောင့် လည်း နီရဲနေ၏။

သူ့မျက်နှာက နီရဲရုံမက အပိမ့်အပိမ့်တွေလည်း ထ နေသည် ။ တချို့ နေရာများမှာ အရေပြားတွေပါ လန်နေသည် ။ ဖိုးနီသည် ဖိုးနီဖြစ်ကြော င်း တော်တော်ကြီးကြည့်မှ သိနိုင်သည့် အနေအထား ရှိနေ၏ ။။ အမှတ် တမဲ့ဆိုလျှင်တော့ အနူမည်းမည်းကြီးတစ်ယောက်ဟု သာထင်ကြပေလိ မ့်မည်။

စောနိုင် ကြောင်စီစီနှင့် ဖိုးနီနောက်ကျောကို လှမ်းကြည့်မိသည် ။ ဖိုး နီကို ပသီတို့ က ဘာချောက်တွန်းလိုက်ပြန်ပြီ မသိ။ ဖိုးနီကသူ့ကို ကျော် လွန်ပြီး အတော်ဝေးဝေး ရောက်သွားသည် ။

"ရွှတ်"

နားထဲမှ လေသံလိုလို ကြားလိုက်ရသည် ။ ကော်ရစ်ဒါပေါ် လှမ်းကြ ည့်လိုက်တော့လည်း ဘယ်သူမှ မရှိ။ အခန်းတံခါးတွေအားလုံးက ပိတ် ထားသည် ။

"ရှူး . . . ဟော့ကောင်"

အသံက လေသံလည်း လေသံ။ သိပ်ဝေးဝေးမှ ထွက်ပေါ်လာသည်

လည်း မဟုတ်သဖြင့် အသံလာရာဟု ထင်သော မျက်နှာချင်းဆိုင်မှ အခန်းဘက်သို့ သေချာကြည့်သည် ။

တွေ့ပါပြီ . . . ပသီ။ သေချင်းဆိုး။ ဖိုးနီသတ်မှာ ကြောက်သဖြင့် ဒီအခန်းထဲမှာ ပုန်းနေခြင်းပင်ဖြစ်မည်။

အခန်းတံခါးဝကို ဟသည် ဆိုရုံလေး ဟ၍ ခေါ်နေသော ပသီအား ကြည့်လိုက်ပြီး . . .

"ဟေ့ကောင် ပသီ၊ မင်းဖိုးနီကို ဘာလုပ်လိုက်လို့ လဲ"

ပသီက တံခါးကို အနည်းငယ်ပိုဟ၍ ရှုံ့မဲ့ပြလိုက်ပြီး . . .

"ဟာ . . . ဟေ့ကောင် တိုးတိုးကွ၊ ဟိုကောင်ကြီး ကြားသွားလို့ ပြန်လှည့်လာလိမ့်မယ်၊ လာ . . . ဒီထဲ မြန်မြန်ဝင်ခဲ့"

ဟုတ်တော့ ဟုတ်သည် ။ ခုချိန်မှာ ဖိုးနီ ပသီ့ကို တွေ့သွားလျှင် မလွယ်။ စောနိုင်က ပြင်ပအခြေအနေကို တစ်ချက်အကဲခတ်ပြီး အေးဆေးရှင်းလင်းမှ အခန်းတံခါးကို ဖွင့်၍ ဝင်လိုက်သည် ။

"ဟင်"

အခန်းထဲမှာ နည်းနည်းနောနော အုပ်စုမဟုတ်။ ပသီအပါအဝင် ချစ်သောင်းနှင့် မြမောင်တို့ သူရာမေရိယအဖွဲ့၊ ကျော်ဝင်းနိုင်တို့ ဇော်မြတို့ ကာမေသုအဖွဲ့အပြင် ချစ်ဆွေကော ပတ်တီးပါ ရှိနေသည် ။

"ဟေ့ကောင်တွေ မင်းတို့ ဘယ်လိုဖြစ်နေကြတာလဲ"

"ရှူး . . . တိုးတိုးကွ၊ ဟိုကောင်ကြီးက ဒီနားမှာ တင် ဝဲပြီးရှာနေတာ၊ မင်းအသံ ကြားတာနဲ့ တို့ အားလုံး သေကုန်လိမ့်မယ်၊ လာ . . . ဒီမှာ ဝင်ထိုင်၊ မင်းသိချင်တဲ့ ကိစ္စတွေ ငါတို့ ပြောပြမယ်"

စောနိုင်က အခန်းတံခါးကို အလုံပိတ်၍ မှောင်ခို အပုန်းသမားများ ဖြစ်နေသည့် သူငယ်ချင်းတစ်သိုက်ကို စိတ်ပင်ပန်းစွာ ကြည့်ရင်း ခုတင်ထောင့်စွန်းမှာ ဝင်ထိုင်သည် ။ ထို့နောက်လေသံတိုးတိုးဖြင့် . . .

"မင်းတို့ ကောင် တွေနဲ့ တော့ မလွယ်ဘူးကွာ၊ ခုလည်း မင်းတို့ ဘယ်လို ပြဿနာ ရှာထားလဲ မသိဘူး၊ ဖိုးနီမျက်နှာ ရစရာ မရှိတော့ဘူး၊ အနူကြီးလို ဖြစ်နေတယ်"

"အဲဒါ ငါတို့ ချည်း အပြစ်မတင်နဲ့ ငနိုင်၊ မင်းကောင်ကြီး ပေါချာချာနိုင်တာလည်း ထည့်ပြောဦး၊ မင်းကောင်ကြီးက နည်းနည်းပေါတာ မဟုတ်ဘူး ၊ နောက်ထပ်ပေါစရာ မကျန်လောက်အောင်ကို ပေါတာ"

ပသီက သူ့ကိုယ်ပိုင်အမူအရာဖြင့် ပြူးတူးပြဲတဲလုပ်ကာ စောနိုင်နားတွင် ဝင်ထိုင်ရင်း ပြောသည် ။ ကျန်လူများ ထံမှ တိုးတိုးကျိတ်ရယ်သံများ ပေါ်ထွက်လာသည် ။

စောနိုင် သက်ပြင်းချသည် ။

"ဖိုးနီ ပေါတာကတော့ ပေါတာပေါ့ကွာ၊ သူ ပေါသမျှကို မင်းတို့လိုက်နှိပ်စက်နေတာတော့ ဘယ်ကောင်းမလဲ၊ ခုလည်း ဘယ်လို ဖြစ်တာလဲ ပြောပါဦး"

"ဘယ်လိုမှ ဖြစ်ဘူး ငနိုင်၊ ငါတို့ က သူ့ကိုလက်ဖျားနဲ့ တောင်ထိတာ မဟုတ်ဘူး ၊ သူ့စရိတ်နဲ့ သူ ပြဿနာကို ကြံဖန်ရှာထားတာ၊ ငါပြောပြမယ်"

ဒီအခန်းက ပသီနှင့် ပတ်တီးတို့ နှစ်ယောက်နေသည့် အခန်း။

ဟိုး တက္ကသိုလ်ပေါ်ဦးစခေတ်များက တစ်ယောက်တည်း နေဖို့ ဖွဲ့ထားသည့် အခန်း။ သာမန်အားဖြင့်ခုတင်နှစ်လုံးထည့်ပြီး ကျောင်းသား

နှစ်ယောက် နေရသည် ပင် ကျပ်တည်းသေးရာ အခုအခါ စုစုပေါင်း ရှစ်ယောက်လောက် ဝင်ထိုင်နေလိုက်သောအခါ အခန်းနှင့် လူပင် ပြည့်ညပ်သလိုဖြစ်နေသည် ။

ခုတစ်ဖန် ပသီက ပြောပြမည်ဆိုသောအခါ သိပြီးသားများ ဖြစ်နေကြသည့် တိုင် သူများ ဒုက္ခဖြစ်ကြောင်းတရားဆိုလျှင် ထမင်းထုပ်နှင့် အိပ်ရာလိပ်ဆွဲ၍ လိုက်နာကြမည့် အုပ်စုပီပီထပ်နားထောင်ပြီး ထပ်ဟားရန် ဝိုင်းလာကြပြန်သည် ။

ဖိုးနီတစ်ယောက် ဖိုးနူဖြစ်ရသည် ကား ဤသို့တည်း။

***